**မြန်မာနိုင်ငံတွင် သေကြေပျက်စီးမှုများသော ငလျင်ဘေးသင့်ပြီးနောက် လူသားချင်း စာနာထောက်ထားမှု အခြေအနေအား ပိုမို ဆိုးရွားလာစေသည့် မြန်မာ စစ်တပ်၏ လုပ်ရပ်များ။**

ဂျီနီဗာ (၄ ဧပြီ၊ ၂၀၂၅ ခုနှစ်) –

သောကြာနေ့၌ ထုတ်ပြန်ခဲ့သော မြန်မာ စစ်တပ်နှင့် အမျိုးသား ညီညွတ်ရေး အစိုးရတို့၏ အပစ်အခတ် ရပ်စဲရေး ကြေညာချက်သည် အရေးပေါ် အကူအညီ လိုအပ်နေသူ အားလုံးထံသို့ ကယ်ဆယ်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးသူများအား အချိန်နှောင့်နှေးခြင်းနှင့် ကန့်သတ်ပိတ်ပင်ခြင်း မရှိဘဲ ဝင်ရောက်ခွင့်ပြုရေးကိုပါ တဆက်တည်း အသိအမှတ်ပြု ကြေညာရန် လိုအပ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး Volker Türk က အလေးထား ပြောကြားခဲ့သည်။

"စစ်ဆင်ရေး ဆောင်ရွက်ချက်များ အားလုံးကို ရပ်တန့်ရေးနှင့် ငလျင်ကြောင့် ထိခိုက်ခံစားရသူများအား ကူညီထောက်ပံ့ပေးရန် အတွက် အထူး အာရုံစိုက်ကြရေး အပြင် ကူညီပံ့ပိုးရန် အဆင်သင့် ဖြစ်နေသော လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများကို ကန့်သတ်ပိတ်ပင်ခြင်း မရှိဘဲ ဝင်ရောက် ကူညီခွင့်ပေးရေး အတွက် ကျွန်ုပ်အနေဖြင့် တိုက်တွန်းနှိုးဆော်လိုပါသည်။"

"ဤသို့သော ဝမ်းနည်းဖွယ်ရာ အဖြစ်ဆိုးသည် မြန်မာနိုင်ငံ အတွက် အားလုံးစုံ ပါဝင်ဆောင်ရွက်ခွင့် ရှိမည့် နိုင်ငံရေး ဖြေရှင်းချက် တစ်ရပ်သို့ ဦးတည်စေနိုင်သော အလှည့်အပြောင်း တစ်ရပ် ဖြစ်စေဖို့ ကျွန်ုပ် မျှော်လင့်ပါသည်။" ဟု မစ္စတာ Türk က ဆိုခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်တွင် လူအသေအပျောက် များပြားစေခဲ့သည့် မြန်မာနိုင်ငံ အလယ်ပိုင်း ဗဟိုပြု ငလျင်ကြီး လှုပ်ခတ်ခဲ့ပြီး ရက်အနည်းငယ် အတွင်း မြန်မာစစ်တပ်သည် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ အပါအဝင် စစ်ဆင်ရေးများနှင့် စစ်ကြောင်းထိုး တိုက်ခိုက်မှုများ ဆက်တိုက် လုပ်ဆောင်ခဲ့ကြောင်း၊ ထိုသို့ တိုက်ခိုက်မှု အချို့ကို နောက်ဆက်တွဲ ငလျင်များ လှုပ်ခတ်ပြီးသည်နှင့် ပစ်ခတ်တိုက်ခိုက်ခြင်း ဖြစ်ကြောင်း ယုံကြည်စိတ်ချရသည့် သတင်း ရင်းမြစ်များထံမှ ကုလသမဂ္ဂ လူ့အခွင့်အရေးရုံးက ကြားသိခဲ့ရပါသည်။

မြန်မာစစ်တပ်သည် လျှောင်ဒဏ်သင့်သည့် ဒေသများတွင် စစ်လေယာဉ်နှင့် ဒရုန်းများ အပါအဝင် လက်နက်ကြီး အမြောက်နှင့် ပါရာမော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်မှုပေါင်း ၅၃ ကြိမ်ထက်မနည်း ဆောင်ရွက်ခဲ့ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးက သတင်း ရရှိခဲ့ပါသည်။

မြန်မာစစ်တပ်သည် ဧပြီလ ၂ ရက်နေ့မှစ၍ အပစ်အခတ် ယာယီ ရပ်စဲကြောင်း ကြေညာပြီးနောက်တွင်လည်း ပစ်ခတ်တိုက်ခိုက်မှုပေါင်း ၁၄ ကြိမ်ထပ်မနည်း ဆောင်ရွက်ခဲ့ကြောင်း သတင်းဖော်ပြမှုများ ရှိခဲ့ပါသည်။

လျှောင်ဒဏ်ခံစားရသူများအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေသည့် လူငယ်များကို မြန်မာစစ်တပ်က အဓမ္မ စစ်သား စုဆောင်းမှုများ ဆောင်ရွက်နေကြောင်းကိုလည်း ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက သတင်းရရှိထားပါသည်။

ခွင့်ပြုထားသည့် နေရာများတွင် လူသားချင်း စာနာထောက်ထားမှု ကြိုးပမ်းချက်များ အားကောင်းမှု ရှိသော်လည်း မြန်မာ စစ်တပ်က ကာလကြာရှည် ချမှတ်ထားသော ကန့်သတ်ချက်များကြောင့် စစ်ကိုင်းတိုင်းရှိ မြို့ကြီးများ သာမက ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်ရှိ လျှောင်ဘေးသင့် နေရာ အမြောက်အများတွင် လူသားချင်း စာနာထောက်ထားမှု အရေးပေါ် ကူညီမှုများ သွားရောက်မပေးနိုင်ဘဲ ရပ်ရွာ ဒေသခံများ စီစဉ်ဆောင်ရွက်သည့် အကူအညီများကိုသာ ရရှိခဲ့ပါသည်။

မြန်မာ စစ်တပ်တွင် ကူညီကယ်ဆယ်ရေး စွမ်းဆောင်နိုင်စွမ်း အချို့ ရှိသော်လည်း လျှောင်ဒဏ်ကြောင့် ပိတ်မိသူများ၏ အသက်ကို အရေးပေါ် ကယ်ဆယ်ရန် လိုအပ်သည့် ကျွမ်းကျင်သူများ၊ စက်ပစ္စည်း ကိရိယာများနှင့် ဝန်ဆောင်မှုများ မရှိပေ။

“မြေပြင်မှ ရရှိသော သတင်းရင်းမြစ်များ အရ လျှောင်ဘေးသင့်သည့် နေရာများနှင့် အထူးသဖြင့် စစ်တပ်၏ ထိန်းချုပ်မှုအောက် မရှိသော နေရာများတွင် လူသားချင်း စာနာထောက်ထားမှုနှင့် ဆက်စပ်၍ အလွန် ဆိုးရွားသော အခြေအနေအား တွေ့ကြုံခံစားနေကြောင်း၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ကင်းမဲ့နေခြင်း အပြင် သောက်သုံးရေသန့်၊ စားနပ်ရိက္ခာနှင့် ဆေးဝါး လုံလောက်ခြင်း မရှိကြောင်း” ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက ပြောကြားလိုက်သည်။

“လျောင်ဘေးကြောင့် ရရှိလာသော အကြောက်တရားနှင့် ထိတ်လန့်မှုများသည် စစ်အာဏာသိမ်းပြီး လေးနှစ်တာကာလ အတွင်း မြန်မာ စစ်တပ်၏ အကြမ်းဖက် သတ်ဖြတ်မှုကို ကြုံတွေ့ခဲ့ရသည့် အရပ်သား လူထု၏ ဘေးဒုက္ခများကို ပိုမို ဆိုးရွားစေခဲ့ပါသည်။”

မြန်မာ စစ်တပ်က အင်တာနက်နှင့် ဖုန်း ဆက်သွယ်ရေးလိုင်းများအား ဖြတ်တောက်ကန့်သတ်ထားခြင်းကြောင့် သတင်း အချက်အလက် မရရှိခြင်းသည် ငလျင်ဒဏ်၏ သက်ရောက်မှု အတိုင်းအတာကို ပိုမို ဆိုးရွားစေခဲ့သလို ငလျင်ဘေးသင့် ရပ်ရွာလူထု အသိုက်အဝန်းအား ချိတ်ဆက်ပြောဆိုရန်နှင့် အခြေအနေအား မှန်ကန်စွာ သုံးသပ်နိုင်ရန် အတွက် အလွန်အမင်း အခက်အခဲ ဖြစ်စေခဲ့ပါသည်။

“အရပ်သား လူထု၏ လူသားချင်း စာနာထောက်ထားမှုနှင့် ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လိုအပ်ချက်များကို နှောင့်နှေးကြန့်ကြာခြင်းနှင့် ကန့်သတ်ပိတ်ပင်ခြင်း မရှိဘဲ မဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ပေးရပါမည်။ ထောင်ပေါင်းများစွာသော နိုင်ငံရေး အကျဉ်းသားများသည် အလွန်ဆိုးရွားသော အခြေအနေ၌ ယခုအချိန်အထိ မတရား အကျဉ်းချခံနေရဆဲ ဖြစ်သည်။ ဤငလျင်ဒဏ်ကြောင့် ဖမ်းဆီးထိန်းသိမ်းခံနေရသည့် နေရာများတွင် မည်သို့သော သက်ရောက်မှုများ ရှိခဲ့သည်ကို လက်ရှိအချိန်အထိ ရှင်းလင်းစွာ မသိရှိရသေးပေ။ နိုင်ငံရေး အကျဉ်းသားများအား ချက်ချင်း လွှတ်ပေးသင့်သည်။”ဟု ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက ပြောကြားခဲ့သည်။

“အပြည်ပြည်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု စနစ်ယန္တရားများမှ တဆင့် မြန်မာ ပြည်သူများထံသို့ နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများ ရောက်ရှိနိုင်ရန်နှင့် မြေပြင်၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများအား စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာ အခြေပြု လူမှု ကွန်ရက်များအား ကူညီထောက်ပံ့နိုင်ရန် အလွန်တရာ အရေးကြီးလှပါသည်။

“မြန်မာနိုင်ငံ၏ ပြည်သူလူထု တစ်ရပ်လုံးသည် အတိဒုက္ခများနှင့် ပြည့်နှက်နေပြီး ဖြစ်ပါသည်။ ဤသို့ ဆိုးရွားလှသော ကပ်ဘေး အန္တရာယ်အား ရင်ဆိုင်ကျော်လွှားရာ၌ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအား လိုက်နာစောင့်ထိန်းသော ပြည့်ဝစုံလင်သည့် ဖြေရှင်းချက်များ အတွက် မဖြေမနေ လမ်းဖွင့်ထားရပါမည်။”

ထုတ်ပြန်ချက် နိဂုံးချုပ်သည်။

"ပိုမို သိရှိလိုပါက ဆက်သွယ်ရန် -

Ravina Shamdasani - +41 22 917 9169 / ravina.shamdasani@un.org သို့မဟုတ်

Seif Magango - +41 79 752 0488 / seif.magango@un.org

အောက်ပါ ဆိုရှယ်မီဒီယာများတွင် မျှဝေပါ။

X **@UNHumanRights**

Facebook **unitednationshumanrights**

Instagram **@unitednationshumanrights**